ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၀**

**၁၃၈၂ ခုနှစ်၊ တော်သလင်း လဆုတ် ၅ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်)**

"လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၁၂၀ ပုဒ်မခွဲ (ဂ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။"

**"မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိများ အဖြစ်တာဝန်ပေးခြင်း"**

၁။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ ကလေးသူငယ်ကို မွေးစားခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ရန် လူမှုဝန်ထမ်းဦးစီးဌာနသည် အောက်ဖော်ပြပါ လူမှုဝန်ထမ်းရုံးများ၏ လူမှုဝန်ထမ်း အရာရှိများအား မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိများအဖြစ် တာဝန်ပေးအပ်လိုက်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးများနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်း ဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေဦးစီးမှူး၊

(ခ) ခရိုင်လူမှုဝန်ထမ်းရုံးတည်ထောင် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည့် ခရိုင်များတွင် သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူးများ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ လူမှုဝန်ထမ်းဦးစီးမှူးများ

(ဃ) ခရိုင်လူမှုဝန်ထမ်းရုံး၊ ခရိုင်ဦးစီးမှူးများ။

၂။ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိသည် မိမိနှင့်သက်ဆိုင်သည့်ဒေသအတွင်း ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် လျှောက်ထားလာပါက ပူးတွဲပါ ကလေးသူငယ် မွေးစားခြင်းစာချုပ် စိစစ်ခြင်းမှတ်တမ်း ပုံစံ(က)ပါ အချက်များကို စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်၍ မှတ်ပုံတင်ခွင့်ပြုရာတွင် ကလေးသူငယ် မွေးစားခြင်းမှတ်ပုံတင်စာအုပ် ပုံစံ (ခ) ဖြင့် မှတ်ပုံတင်ရမည်။

၃။ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိအဖြစ် ဆောင်ရွက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးများနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ ဦးစီးမှူးသည် မွေးစားခြင်းစာချုပ်ကို မှတ်ပုံတင်ပြီးနောက် ကလေးသူငယ် မွေးစားခြင်းစာချုပ် စိစစ်ခြင်းမှတ်တမ်း ပုံစံ (က) မိတ္တူနှင့် ကလေးသူငယ် မွေးစားခြင်း မှတ်ပုံတင်စာအုပ် ပုံစံ (ခ) မိတ္တူတို့ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာ မွေးစားမိဘများ နေထိုင်သည့် သက်ဆိုင်ရာ ခရိုင် နှင့် မြို့နယ် လူမှုဝန်ထမ်းရုံးများသို့ မွေးစားခြင်း မှတ်ပုံတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့ရမည်။

၄။ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိအဖြစ် ဆောင်ရွက်သည့် ခရိုင် လူမှုဝန်ထမ်းရုံး စိုက်ရာဒေသများရှိ ခရိုင်ဦးစီးမှူးများသည် မွေးစားခြင်းစာချုပ်ကို မှတ်ပုံတင်ပြီးနောက် ကလေးသူငယ် မွေးစားခြင်းစာချုပ် စိစစ်ခြင်းမှတ်တမ်း ပုံစံ (က) မိတ္တူနှင့် ကလေးသူငယ် မွေးစားခြင်း မှတ်ပုံတင်စာအုပ် ပုံစံ (ခ) မိတ္တူတို့ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာ မွေးစားမိဘများ နေထိုင်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးများ နှင့်

ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးသို့ လည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းရုံးများသို့ လည်းကောင်း ကလေးသူငယ် မွေးစားခြင်း မှတ်ပုံတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ပေးပို့ရမည်။

၅။ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိများသည် သက်ဆိုင်ရာဒေသရှိ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများက မှတ်ပုံတင်သည့် ကလေးသူငယ် မွေးစားစာချုပ် မိတ္တူများကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ) အရ ပေးပို့လာပါက ခုနစ်ရက် အတွင်း မှတ်တမ်းပြုစုပြီး ယင်းမှတ်တမ်းနှင့် ကလေးသူငယ် မွေးစားစာချုပ် မိတ္တူတို့ကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပိုဒ် ၃ နှင့် ၄ တို့ပါ သတ်မှတ်ထားသော သက်ဆိုင်ရာ လူမှုဝန်ထမ်းရုံးများသို့ ပေးပို့ရမည်။

9.10.2020

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

စာအမှတ်၊ ၁၃၁၄၃ / ဝ၅၃/ ၂-၁၆/ ၂ဝ၂ဝ
ရက်စွဲ ၊ ၂ဝ၂ဝပြည့်နှစ်၊ အောက်တိုဘာလ ၉ ရက်
ဖြန့်ဝေခြင်း-

- နိုင်ငံတော်သမ္မတရုံး၊
- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊
- ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊
- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊
- ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊
- နေပြည်တော်ကောင်စီ၊

- တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ရုံးများ
- ညွှန်ကြားရေးမှူးချုပ်
  ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။
- လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးများ နှင့် ပြည်ထောင်စု နယ်မြေ လူမှု ဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးများအားလုံး
- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် / ခရိုင် / မြို့နယ် လူမှုဝန်ထမ်းရုံးများအားလုံး

မိတ္တူကို-

(၁) ရုံးလက်ခံ

(၂) မျှောစာတွဲ

(၃) စာတွဲအမှတ်၊ ၉၉၉ / ၁-၂ / ၂၀၂၀။

ပုံစံ (က)

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ် မွေးစားခြင်းစာချုပ် စိစစ်ခြင်းမှတ်တမ်း

. . . . . . . . . . . . . . . . . တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ

၁။ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိအမည် . . . . . . . . . . . . . . . . . . . . . . . .

၂။ မွေးစားခြင်းစာချုပ် စိစစ်သည့်ရက်စွဲ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၃။ မွေးစားကလေး၏ အမည် / အသက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၄။ မွေးစားကလေး၏ အခြေအနေ (မိဘမဲ့/ စွန့်ပစ်ကလေး ဟုတ် မဟုတ်/ ဆွေမျိုးသားချင်း၊ မိတ်ဆွေ သို့မဟုတ် ဂေဟာက စောင့်ရှောက်ထားသည့် ကလေး ဟုတ် မဟုတ်) . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

၅။ မွေးစားမိဘနှင့် စပ်လျဉ်း၍ -

(က) မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ပြီး အရွယ်ရောက်သည့် မြန်မာနိုင်ငံသား ဖြစ် မဖြစ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ခ) မိဘအရင်းသဖွယ် ကလေးသူငယ်အား မိဘဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်၍ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်သူဖြစ် မဖြစ် . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဂ) မွေးစားမည့် သူမှာ အိမ်ထောင်ရှိပါက မွေးစားမည့်သူနှင့် ၎င်း၏ ခင်ပွန်း သို့မဟုတ် ဇနီး အမည်နှင့် ၎င်းက သဘောတူညီပြီး ဖြစ် မဖြစ် . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(ဃ) ကလေးသူငယ်၏ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့အတွက် ဖြည့်ဆည်းပေးနိုင်သူဖြစ် မဖြစ် . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(င) ကလေးသူငယ်အား ပြုစုစောင့်ရှောက်နိုင်သည့် စီးပွားရေးအခြေအနေ၊ ငွေရေးကြေးရေးနှင့် အလုပ်အကိုင် ရှိ မရှိ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

(စ) စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသူဖြစ် မဖြစ် ..................

.............................................................................

(ဆ) မိဘနှစ်ဦး ကွဲကွာနေခြင်း သို့မဟုတ် တရားဝင် ကွာရှင်းပြီးခြင်း ရှိ မရှိ ..........

.............................................................................

(ဇ) အကယ်၍ မိရင်း ဖရင်း မရှိဘဲ အုပ်ထိန်းသူသာ ရှိလျှင် ၎င်း၏ သဘော တူညီချက် ရရှိပြီးဖြစ် မဖြစ် ...............................................

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော မွေးစားမိဘ၏ တာဝန်နှင့် စည်းကမ်းချက်များ ကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်နိုင်ခြင်း ရှိ မရှိ .....

.............................................................................

၆။ မွေးစားမည့် ကလေးသူငယ် နှင့်စပ်လျဉ်း၍ -

(က) မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဟုတ် မဟုတ် ...................

.............................................................................

(ခ) ပရဟိတဂေဟာ တစ်ခုခုရှိ ကလေးသူငယ်ဖြစ်ပါက မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ကြောင်း ဂေဟာမှူးနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်အပြင် မြို့နယ် ကလေးသူငယ် အခွင့် အရေးများဆိုင်ရာ ကော်မတီ၏ ထောက်ခံချက် ပါရှိခြင်း ရှိ မရှိ ..............

......................................................................

(ဂ) မိဘမဲ့ ကလေးသူငယ် ဖြစ်ပါက မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိခြင်း ရှိ မရှိ ...............................

(ဃ) စွန့်ပစ် ကလေးသူငယ် ဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် သို့မဟုတ် ဆေးရုံ၊ ဆေးခန်းတွင် စွန့်ပစ်ကလေး ဖြစ်ပါက ဆေးရုံ၊ ဆေးခန်းတာဝန်ခံ၏ ထောက်ခံချက်နှင့် မြို့နယ် ကလေးသူငယ်

အခွင့်အရေးများ ဆိုင်ရာ ကော်မတီ၏ ထောက်ခံချက် ပါရှိခြင်း ရှိ မရှိ .........

..................................................................

၇။ မွေးစားခွင့်ပြုရန် လျှောက်ထားရာတွင် အောက်ပါ အထောက်အထားများ ပူးတွဲတင်ပြခြင်း ရှိ မရှိနှင့် ယင်း အထောက်အထားများအား စိစစ်တွေ့ရှိချက် -

(က) မွေးစားစာချုပ် ..........................................................

(ခ) မွေးစားမိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ .

..................................................................

(ဂ) ကလေးသူငယ်၏ မွေးစာရင်းမိတ္တူ (ရှိလျှင်) ..............................

..................................................................

(ဃ) မွေးစားမိဘ၏ ကျန်းမာရေး ကောင်းမွန်ကြောင်း မှတ်ပုံတင် ဆရာဝန်၏ ဆေးထောက်ခံချက် ................................................

(င) မွေးစားမိဘများ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာ ..............

..................................................................

(စ) မွေးစားမိဘ၏ ကျေးရွာအုပ်စု၊ ရပ်ကွက်အတွင်း နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ ..............................................

(ဆ) မွေးစားမိဘများ၏ ပိုင်ဆိုင်မှု၊ ဝင်ငွေနှင့် စီးပွားရေးအခြေအနေ အလုပ်အကိုင် အထောက်အထား မိတ္တူ ................................................

၈။ ကလေးသူငယ်အား မှတ်ပုံတင် မွေးစားခြင်းနှင့်စပ်လျဥ်း၍ ကန့်ကွက်ချက် ရှိ မရှိနှင့် ရှိပါက ကန့်ကွက်ချက်အပေါ် စိစစ်တွေ့ရှိချက်နှင့် သုံးသပ်ချက် ......................

..................................................................

၉။ သက်ဆိုင်ရာ မွေးစားခြင်း မှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် ၎င်းထံ လျှောက်ထားချက်ကို စိစစ်ပြီး မွေးစားမည့် မိဘနှင့် မွေးစားခံရမည့် ကလေးသူငယ် တို့နှင့်စပ်လျဉ်း၍ -

(က) အထက်အပိုဒ် ၄၊ ၅၊ ၆ နှင့် ၇ တို့ပါ လိုအပ်ချက်များနှင့် ကိုက်ညီပြည့်စုံမှု ရှိ မရှိ သက်ဆိုင်သူများအား စုံစမ်းခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်ပါက ကွင်းဆင်း စစ်ဆေးခြင်း နှင့် တွေ့ရှိချက်အပေါ် မွေးစား စာချုပ်ကို မှတ်ပုံတင်၍ မွေးစားခွင့်ပြု မပြု ..................................................

..................................................

..................................................

..................................................

(ခ) အကယ်၍ အထက်အပိုဒ် ၄ မှ ၇ အထိပါ လိုအပ်ချက်များနှင့် ကိုက်ညီ ပြည့်စုံမှု မရှိကြောင်း သို့မဟုတ် ကိုက်ညီခြင်း ရှိ မရှိ သံသယရှိကြောင်း တွေ့ရှိပါက မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ ထောက်ခံချက်ဖြင့် မွေးစား စာချုပ်ကို မှတ်ပုံတင်၍ မွေးစားခွင့်ပြု မပြု ..............................

..................................................

..................................................

(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ကလေးသူငယ်အား မွေးစားခွင့်ပြုပါက -

(၁) မွေးစားခြင်း မှတ်ပုံတင်စာချုပ်တွင် မှတ်ပုံတင်ပြီး မွေးစားမိဘအား လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ထားသော တာဝန်နှင့် စည်းကမ်းချက်များအား ထုတ်ပေးသည့် ရက်စွဲ ..............................

(၂) ကလေးမွေးဖွားခြင်း မှတ်ပုံတင် မိတ္တူနှင့် မွေးစားခြင်းစာချုပ် စိစစ်ချက် မှတ်တမ်း မိတ္တူတို့ကို ညွှန်ကြားချက်နှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာ လူမှုဝန်ထမ်း ရုံးများသို့ ပေးပို့သည့် ရက်စွဲ . . . . . . . . . . . . .

၁၀။ သီးခြားစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် -

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

စိစစ်သူ၏ အမည် --------------------

လက်မှတ် --------------------

ရာထူး --------------------

ပုံစံ (ခ)

# ကလေးသူငယ် မွေးစားခြင်း မှတ်ပုံတင်စာအုပ်

## ................. တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ

| စဉ် | မှတ်ပုံတင်သည့် ရက်စွဲ | မွေးစား စာချုပ် မှတ်ပုံတင် အမှတ် | မွေးစားကလေး အမည် (ရှိလျှင်) | ကျား/ မ | မွေးစား ကလေး၏ မွေးသက္ကရာဇ် | မွေးစားမိဘ အမည် | မွေးစားမိဘ၏ ဘာသာ | မွေးစားမိဘ၏ နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |

လက်မှတ် .................

မွေးစားခြင်း မှတ်ပုံတင် လုပ်ငန်းဝန်ထမ်းအရာရှိအမည် .................

မှတ်ချက်။ ဇယားပါ မှတ်ချက်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ချုပ်ဆိုသည့် စာချုပ် /ကိတ္တိမမွေးစားခြင်း မှတ်ပုံတင် အက်ဥပဒေအရ ချုပ်ဆိုသည့်စာချုပ်ဟု ဖော်ပြပေးရပါမည်။